**(၃၀-၁၀-၂၀၂၀) မှ (၅-၁၁-၂၀၂၀ ) ထိ စက်သုံးဆီ ( ဓာတ်ဆီ၊ ဒီဇယ်ဆီ ) ပြည်တွင်း ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း**

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် **ဓာတ်ဆီဈေးနှုန်းသည်** ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၂ ရက် Global Petrol Prices Website တွင် ဖော်ပြ ထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၀ နိုင်ငံအနက် ဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ခြောက်နိုင်ငံရှိပြီး ဈေးနှုန်း မြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ဖိလစ်ပိုင် နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းထက် ဖ ဒသမ ဖ၀ ရာခိုင်နှုန်းဈေးနှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဗီယက်နမ်၊ တရုတ်၊ အိန္ဒိယ၊ နီပေါ၊ ကိုလံဘီယာ၊ ကင်ညာ၊ အိုမန်၊ ပီရူး၊ ပိုလန်၊ ဆော်ဒီအာရေဗျနှင့် ဇင်ဘာဘွေ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၅၀) နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းများ အတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီ ဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် စင်ကာပူ၊ ထိုင်း၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ ပါကစ္စတန်၊ အီတလီ၊ ဂျော်ဒန်၊ ဆွစ်ဇာလန်၊ ကနေဒါ၊ ဂရီ၊ ဆွီဒင်၊ ပြင်သစ်၊ စပိန်၊ ဖင်လန်၊ နယ်သာလန်၊ နော်ဝေ၊ ဒိန်းမတ်၊ တောင်အာဖရိကနှင့် တူရကီ စသည့် နိုင်ငံပေါင်း ၅၄ နိုင်ငံရှိ၍ ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၈ဖ ဒသမ ၃၀ ရာခိုင်နှုန်းထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင် နိုင်ငံတွင် ဖ ဒသမ ဖ၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး၊ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၉၀ ရာခိုင်နှုန်းနှင့် ထိုင်း နိုင်ငံတွင် ၃ ဒသမ ၁၀ ရာခိုင်နှုန်း ဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံ နိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဒီဇယ်ဆီဈေးနှုန်းသည်** ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၀ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၅ နိုင်ငံရှိပြီး ဈေးနှုန်း မြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံတွင် ယခင် အပတ် ဈေးနှုန်းထက် ၄ ဒသမ ၂၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်းတွေ့ရှိရပါသည်။

\\172.16.1.182\journal\3.11.20 & 6.11.20(tta)\rice,oil,sugar\1. oil (30-5).11.20.doc

ယခုတစ်ပတ်အတွင်း ဗီယက်နမ်၊ မလေးရှား၊ လာအို၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ နီပေါ၊ တရုတ်၊ အိန္ဒိယ၊ ပီရူး၊ မိုနာကို၊ ကင်ညာ၊ အိုမန်၊ ဂျော်ဒန်နှင့် အာဂျင်တီးနား စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၄၆ နိုင်ငံတို့တွင် ယခင်အပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ ပါကစ္စတန်၊ နယ်သာလန်၊ အီတလီ၊ တောင်အာဖရိက၊ ပြင်သစ်၊ ဟန်ဂေရီ၊ စပိန်၊ ဂရိ၊ ဒိန်းမတ်၊ နယူးဇီလန်၊ ဖင်လန်နှင့် တူရကီ စသည့် နိုင်ငံပေါင်း ၄၉ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၈၀ ဒသမ ၉၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ် ဈေးနှုန်းအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၄ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၄ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာ တွေ့ရှိရပါသည်။ **အာဆီယံနိုင်ငံများ**၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ဒီဇယ် (၁) လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

**တန်ဖိုး– အမေရိကန်ဒေါ်လာ**

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၃ | ၀.၄၆ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၂ | ၀.၆၇ |
| ၃ | ထိုင်း | လီတာ | ၀.၉၁ | ၀.၆၇ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၆၅ | ၀.၄၉ |
| ၅ | စင်္ကာပူ | လီတာ | ၁.၄၁ | ၁.၁၈ |
| ၆ | မလေးရှား | လီတာ | ၀.၃၉ | ၀.၄၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၁ | ၀.၇၀ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၈၇ | ၀.၆၄ |
| ၉ | လာအို | လီတာ | ၀.၉၄ | ၀.၇၈ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၂ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၉၉ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၈၈ ရှိပြီး စက်သုံးဆီ ဈေးနှုန်းနိုင်ငံ အလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၃ ဒေါ်လာနှုန်းဖြင့် ၂၀ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၄၆ ဒေါ်လာနှုန်းဖြင့် ၁၇ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ် ဈေးနှုန်း အနည်းဆုံး/ အများဆုံး နိုင်ငံများ စာရင်းကို (၁) လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၂ | ဟောင်ကောင် | လီတာ | ၂.၂၃ |
| ၂ | အီရန် | လီတာ | ၀.၀၅ | နယ်သာလန် | လီတာ | ၁.၇၉ |
| ၃ | ဆူဒန် | လီတာ | ၀.၁၄ | မိုနာကို | လီတာ | ၁.၇၁ |
| ၄ | အင်ဂိုလာ | လီတာ | ၀.၂၄ | ဂရိ | လီတာ | ၁.၆၆ |
| ၅ | ကာတာ | လီတာ | ၀.၃၄ | ဘာဘေးဒိုးစ် | လီတာ | ၁.၆၄ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၁၀ | ဟောင်ကောင် | လီတာ | ၁.၈၄ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၄ | အယ်လ်ဘေးနီးယား | လီတာ | ၁.၅၉ |
| ၃ | ဆူဒန် | လီတာ | ၀.၁၆ | ဆွီဒင် | လီတာ | ၁.၅၅ |
| ၄ | အင်ဂိုလာ | လီတာ | ၀.၂၀ | အစ္စရေး | လီတာ | ၁.၅၅ |
| ၅ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၂၂ | မိုနာကို | လီတာ | ၁.၅၅ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့၏ စက်သုံးဆီ (၁) လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၀.၉၀ | ၀.၇၇ |
| ၂ | ဂျပန် | လီတာ | ၁.၂၃ | ၁.၀၄ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၂ | ၁.၀၀ |


Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၃၀.၁၀.၂၀၂၀ | စည် | ၃၇.၃၉ |
| ၂ | ၃.၁၀.၂၀၂၀ | စည် | ၃၇.၆၆ |
| ၃ | ၄.၁၀.၂၀၂၀ | စည် | ၃၉.၁၅ |
| ၄ | ၅.၁၀.၂၀၂၀ | စည် | ၃၈.၇၉ |

source : http://www.oil-price.net/

၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၇ ရက်မှ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂ ရက်ထိ အပတ်စဉ်ဓါတ်ဆီ၊ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-



ပြည်တွင်း စက်သုံးဆီဈေးကွက်အနေဖြင့် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ နိုဝင်ဘာ ၅ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၄၉၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၆၀၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၅၃၅ ကျပ်နှင့် ပရီမီယံ ဒီဇယ် တစ်လီတာလျှင် ၅၄၅ ကျပ်ဖြင့် ပေါက်ဈေးရှိနေကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၃၁၉၅ ကျပ်၊ ဒီဇယ်တစ်ဂါလံလျှင် ၃၁၀၅ ကျပ်၊ မော်လမြိုင်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၂၉၄၇ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၂၆၇၇ ကျပ်၊ ဟားခါးမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၂၈၆၀ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၂၇၉၀ ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး၊ ထားဝယ်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၂၄၇၅ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၂၄၀၇ ကျပ်၊ ပုသိမ်မြို့တွင် ဓာတ်ဆီ တစ်ဂါလံ လျှင် ၂၂၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလံလျှင် ၂၄၅၀ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိ ရပါသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

**ကေသွယ်(တန့်ဆည်မြေ)**